- **တရုတ်** နိုင်ငံသည် နိုင်ငံရေးအရ မသေချာ မရေရာသောခေတ်သို့ ရောက်ရှိလာနေပြီဖြစ်ရာ ကျန်ကမ္ဘာ့နိုင်ငံများသည် ရှီကျင့်ဖျင်၏ ဖောင်းပွနေသော အိပ်မက်များနှင့် တရုတ်တို့၏ ကြီးမြတ်လိုမှုတို့အတွက် အဖိုးအခ ပေးရမည် ဖြစ်သည်။
- ၂၀၁၃ ခုနှစ်တွင် ရှီကျင့်ဖျင် ပထမဦးဆုံး ဖော်ထုတ်ခဲ့သည့် **BRI** ခေါ် ခါးပတ်တစ်ကွင်း လမ်းတစင်း စီမံကိန်းသည် ဒုတိယကမ္ဘာစစ်ကြီးအပြီး အမေရိကန်၏ မာရှယ်စီမံကိန်းထက် ပိုမိုကြီးကျယ်ခမ်းနားသည်ဟု မျှော်မှန်းထားကြသည်။
- ပိုးလမ်းမသစ်ဟု လူသိများသော ကုန်းတွင်းပိုင်း '**ပိုးလမ်းမ စီးပွားရေးခါးပတ်**' သည် အာရှအလယ်ပိုင်းမှတဆင့် တရုတ်နှင့်ဥရောပကို ဆက်သွယ်ထားသော ကုန်သွယ်ရေးလမ်းမနှင့် အိန္ဒိယသမုဒ္ဒရာကို ဖြတ်၍ ရှေးခေတ်တရုတ်တို့ အသုံးပြုခဲ့သော ပင်လယ်ရေကြောင်းကုန်သွယ်ရေး ပိုးလမ်းမကို ဆိုလိုခြင်း ဖြစ်သည်။
- **BRI** သည် တရုတ်နိုင်ငံကို ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုနိုင်ငံအဖြစ် ထူထောင်နိုင်ရုံမျှမက အမေရိကန်ပြည်ထောင်စုကိုပါ ကျော်တက်ကာ ကမ္ဘာ့ခေါင်းဆောင်အဖြစ် ရပ်တည်နိုင်ရန် မျှော်မှန်းထားသည်။
- ဆယ်စုတစ်ခု ကြာပြီးနောက် အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံများသည် **BRI** စီမံကိန်းဆိုသည်မှာ တရုတ်အစိုးရက ငွေကြေးအကူအညီနှင့် ကျွမ်းကျင်မှုအထောက်အပံ့တွေ ပေးနေတာ မဟုတ်ဘဲ အကြွေးတွေသာ ပေးနေခြင်းဖြစ်ကြောင်း နားလည်လာကြသည်။
- သီရိလင်္ကာ၊ လာအိုနှင့် ပါကစ္စတန်နိုင်ငံတို့သည် **BRI** ၏ အစိပ်အပိုင်းမှ ၎င်းတို့ယူခဲ့သော ချေးငွေများကြောင့် တရုတ်၏ ကြွေးမြီထောင်ချောက်ထဲ ကျသွားခဲ့ကြသည်။
- ပေါ်တူဂီနှင့် အင်္ဂလန်တို့က **BRI** စီမံကိန်းမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ကြပြီး၊ ထိုင်းနှင့် ဗဟိုအာရှသမ္မတနိုင်ငံများကလည်း တရုတ်ရင်းနှီးမြှုပ်နှံမှုကို ဆန့်ကျင်လာကြသည်။
- စာရေးသူ ဘာတေးလင့်တနာ သည် **BRI** ၏ သမိုင်းကြောင်းနှင့် ၎င်း၏ အနာဂတ်အခြေအနေ၊ တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအစီအမံများကို ဖော်ထုတ်ပြသပြီး **BRI** ၏ အနာဂတ်၊ 'တရုတ်ရာစု' အတွက် ကျရှုံးမှုများ၊ တရုတ်၏ ဆန့်ကျင်ဖက် အိန္ဒိယနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများ မည်သို့ ရှိလာမည်ကို မေးခွန်းထုတ်ထားသည်။

## မာတိကာ


– နိဒါန်း ၇

၁။ အခန်း (၁)
ပိုးလမ်းမသစ်တဲ့လား ၁၅

၂။ အခန်း (၂)
အရှေ့ကို စိုးမိုးချုပ်ကိုင်သူ ၄၇

၃။ အခန်း (၃)
ဂရိတ်ရှေ့ကျွန်းဆွယ် ၈၇

၄။ အခန်း (၄)
ကမ္ဘာ့ခေါင်မိုးပေါ်မှ အတိုက်အခံလမ်းကြောင်း ၁၃၃

၅။ အခန်း(၅)
အိန္ဒိယသမုဒ္ဒရာ ၁၇၁

၆။ အခန်း (၆)
ပစိဖိတ်ပုလဲများ ၂၁၁

၇။ အခန်း (၇)
အာရှ–ပစိဖိတ်ရာစု ဘယ်သူပိုင်မလဲ ၂၄၇


❖